
ခမ်းခမ်းနွဲ့ (သာယာဝတီ)
တစ်ကောင်တည်းပဲ
ဒါပေမဲ့ ခြင်္သေ့

၁၉၈၂...

တစ်ကိုယ်လုံး အေးခဲသွားသလို ခံစားရသည်။

လက်ထဲက လျှောကျသွားသော ပတ်ကားဘောပင်ကို ရုတ်ခြည်းမကောက်မိ။ စစ်ဆေးနေဆဲ လယ်ဂျာစာအုပ်ကို အယောင်ယောင် အမှားမှား ပိတ်မိသေး၏။ ပြီးမှ လှုပ်ရှားလွယ်လွန်းသော စိတ်ကို စိတ်ထဲက ပြန်ကျိန်ဆဲရင်း နှုတ်ခမ်းဖွဖွ ကိုက်ရသည်။ ဘေးတိုက်အနေအထားကို မြင်နေရ၏။ သေချာအောင် ထပ်ပြီး စေ့စေ့ကြည့်သည်။

ဟုတ်ပါပြီ။

ကိုဖုန်း ကိုဖုန်း အစ်ကိုဖုန်း... ဦးဖုန်းမြင့်။

အာရုံထဲမှာ တဖျပ်ဖျပ်ပေါ်လာသော ပုံရိပ်ဟောင်းတွေကို ခေါင်းဆတ်ပြီး ဖျောက်ပစ်လိုက်သည်။ နှစ်ကျော့ပြန် အကဲခတ်ဖို့မလိုသော ကိုဖုန်း၏ လက္ခဏာကို မေခင်က စိမ်းစိမ်းကြည့်နေမိလေသည်။

“ဇရာနဲ့ ရင်းနှီးလွယ်လိုက်တာ”

ဟု မှတ်ချက်ချရင်း ‘နှမ်းပါးခြင်း’ ကို မိန်းမတို့၏ မေနာသိဖြင့် တစ်ဆက်တည်း မြင်လိုက်သည်။

နှုတ်ခမ်းထောင့်ကလေးတွေ သိသိသာသာ လှုပ်သွားသည်ကို မေခင့်ဘာသာ မြင်သိလိုက်၏။ အကယ်၍သာ နှုတ်ခမ်းများကို အချုပ်အထိန်းမဲ့စွာ ဖွင့်ပေးလိုက်မည်ဆိုလျှင် ‘ဟက်’ ခနဲ ရယ်သံကလေး ထွက်သွားလိမ့်မည်။ အကြေအခြင်တွေကို ဖြေလျှော့ကာ ထိုင်နေသော အလူမီနီယံ ကုလားထိုင်နောက်မှီပေါ်သို့ ခပ်နွဲ့နွဲ့မှီလိုက်သည်။ ပေါင်နှစ်ဖက်ကို ထပ်၍ ဒူးပေါ်တွင် လက်ချင်းချိတ်ကာ မေဟသီထိုင်ထိုင်ရင်း သူ့ကို ခြေဆုံးခေါင်း

ခါင်းဖျားကြည့်နေလသည်။

သူက 'မြို့နယ်လုံးကျွတ် စာတတ်မြောက်မှု အောင်ပွဲ' ဟူသော စာတန်း မပြယ်တပြယ်မြင်ရသည့် ဆွဲအိတ်နွမ်းကို ဆိုင်ခုံနှုတ်ခမ်းမှာ ခပ်မှေးမှေးတင်ကာ အတွင်းပစ္စည်းများကို ဆွဲထုတ်နေသည်။

ဆိုင်ပေါ်တွင်ရှိနေသော စီစီက သူနှင့်မျက်နှာချင်းဆိုင် တိုးထိုင်ရင်း သူထုတ်ပြသည့် အထည်စများကို လှမ်းယူလေသည်။

"အိုး... အပိုင်းအစတွေပါလား"

သူက ပုံစံအောက်နေပြီဖြစ်သော အဖြူတစ်ဝက် အနက်တစ်ခြမ်းနှစ်ရောင်စပ် ကိုင်းတပ်မျက်မှန်ကို အလုပ်မရှိ အလုပ်ရှာပင့်ကာ မျှော်လင့်ချက်မျက်လုံးများဖြင့် စီစီ့ကို လှမ်းကြည့်နေသည်။

"ကျွန်မတို့က အလိပ်လိုက်မှ အလုပ်ဖြစ်ပါတယ်ရှင်။ ခုဟာက ဘာမှမဖြစ်လောက်ဘူးဆိုတော့ ... နေပါဦး ...အစ်ကိုကြီးက ဒါ အကုန်ပဲလား"

"နှစ်ကိုက်စ သုံးစနဲ့ တစ်ကိုက်စ သုံးစဗျာ"

မခင့်နားထဲသို့ ကျဉ်ခနဲဝင်လာသည့် အသံ၊ သူ့အသံ။

လေယူလေသိမ်းကောင်းမွန်သပ်ရပ်သော၊ စကားပြောအတတ်၌ ကျွမ်းကျင်စွာ အသားကျေနပြီဖြစ်သော ဦးဖုန်းမြင့်ရဲ့ အသံပါပဲ။ သို့သော အသံနှင့် အံဝင်ခွင်ကျမဖြစ်လှသော စကားရပ်တို့ကို ပြောဆိုနေရသည်အဖြစ်။ နှုတ်ခမ်းထောင့်ကလေးများ ဒုတိယအကြိမ် တွန့်လှုပ်သွားမိသည်ကို သတိထားမိပြန်သည်။ စီစီဖြန့်ကြည့်နေသော ကျောင်းစိမ်းစတွေကို မျက်လုံးစွေကြည့်သည်။

နွေရာသီကျောင်းပိတ်ရက်နီးမှ ရှေ့လာမည့် ပညာသင်နှစ်အတွက် တင်ကြိုဖြန့်ဖြူးသော ကျောင်းစိမ်းမြန်မာတက်ထရွန်စတွေ။

နှစ်ကိုက်စေ တွကေတာ့ အလယ်တန်း၊ အထက်တန်းေ ကျောင်းသူေ ကျောင းသားများအတွက်။ တစ်ကိုက်စေ တွလည်း ပါလာပုံေ ထာက်ေ သာ် ဧကန္တ သူ့မှာ မူလတန်းေ ကျောင်းသားအရွယ်၊ ကေ လးလူမမည်ရှိပုံပါပဲ။

တစ်ဆက်တည်းမှာပင် ဆံပင်ဖြူေ တွ ထိုးထိုးထောင်ေ ထာင် မြင်ေ နရသည်ကို ေ ငးကြည့်ကာ ေ မခင်က ရင်ေ မာခြင်းတစ်ဂက်၊ ရယ်ေ မာခြင်းတစ်ဂက် ဖြစ်ရေ သး၏။

ကော်လာရှည် တက်ထရွန်ရှပ်ေ ပါ်မှာ ဘဲလိုဖတ်စ်တိုက်ပုံ မီးခိုးရောင်မှာ  အသစ်လိုက်ထားေ သာ လက်ချုပ်ရိုး ကင်းေ ခြများတွေကို မညီတညီမြင်ေ နရသည်။ နှစ်နံ့စပ်ေ ယာလုံချည်အနက်ကလည်း ဖြူဖပ ဖြူေ ရာ်နှင့်။

အဖိုးနည်းပြီး အကြမ်းခံနိုင်မယ့် ပစ္စည်းကိုေ ရွးချယ်ရတဲ့ အေ နအထားဆိုတော့ ယိုးဒယားလုပ် ဥတုသုံးပါးခံေ ရာ်ဘာဖိနပ်ပဲ စီးရတာေ ပ့ါေ လဟု ရောက်တတ်ရာရာ ဆက်ေ တွးနေမိသည်။ စိတ်ရိုင်းတို့ကို ချွန်းဖွင့် လွှတ်လိုက်ပြီ။

ပြီးတော့ သူ အလုပ်လက်မဲ့များ ဖြစ်ေ နေလပြီလား၊ အငြိမ းစားအနားယူတာမျိုးလည်း ဖြစ်နိုင်သည်။ သို့ေ သာ် ကျန်းမာေ ရးတော့ ေ ပြာပေလာက်ေ အာင် ချွတ်ယွင်းမည်မထင်။ အသက်ကလည်း ၄၀ ဟိုဘက ကို စွန်းလှမ့ အလွန်ဆုံး နှစ်နှစ်၊ သုံးနှစ်။

ဘာအေကြာင်းေ ကြာင့်နှင့်ပဲဖြစ်ဖြစ် ကုလားထိုင်လက ရှိမဟုတ်နိုင်တာေ တာ့ သေချာသည်။

ကြည့်၊ ေ ကာ်လာရှည်ရှပ်နှင့် ေ ရာ်ဘာဖိနပ်မှာ နှစ်နံ့စပ်ေ ယာလုံချည်နှင့် ဘယ်လိုမှ မအပ်စပ်ဘူးဆိုတာ ဗဟုသုတအေ တာ်အတန ရှိရုံနှင့် နားလည်သည်။

လည်ကတုံးရှပ်မှ။ ကတ္တီပါသည်းကြိုးတပ် ညှပ်ဖိနပ်မှ။

တွေ့မြင်နေရသည့် ကိုဖုန်းရဲ့ လူသုံးပစ္စည်းများကတော့ ခေတ်ဟောင်းလက်ကျန်တွေ ဖြစ်နိုင်စရာ အကြောင်းရှိသည်။ ဟိုတစ်ချိန် ၁၀ နှစ်ကျော် ကာလဟောင်းကတော့ ကိုဖုန်းသည် ကတ္တီပါဖိနပ်စီးကာ သူ့ကုလားထိုင်ပေါ်မှာ မြိန့်မြိန့်ကြီးထိုင်၍ မေမခင်ဆိုသည့် အရွယ်မရောက်တရောက် မိန်းမငယ်တစ်ယောက်ကို စီးမိုးကြည့်ခဲ့ဖူးသည်။

ခုတော့ မေခင်သည် မိမိစည်းစိမ်ချမ်းသာ၏ အစိတ်အပိုင်းတစ ခုမျှသာဖြစ်သော 'လှဝိဇ္ဇာ ဂါဝန်စတိုး' အရောင်းဆိုင်ရှေ့တွင် မိမိအတွက် သီးသန့်ချခင်းပေးထားသော အလူမီနီယံကုလားထိုင်ပေါ်မှ သူ့ကို 'မေဟသီကြည့်' ကြည့်ရင်း ကျေနပ်စပြုသည်။

မေခင်သည် အဆီပြန်နေတော့မည်ထင်ရသော မိတ်ကပ်ပါးပြင်တို့ကို ပိုးလက်ကိုင်ပဝါနှင့် မခို့တရို့ကလေး တို့သုတ်လိုက်၏။ ဆိုင်အကူ အထွေထွေလုပ်သားမောင်လှက စားပွဲတင်ပန်ကာ အသေးစားကလေးကို မေခင့်အနားရွှေ့ယူလာပြီး အေးနွေးခလုတ်ကို သခင်မအလိုကျ ဖွင့်ပေးသည်။

သူ မျက်လုံးဝေ့ကြည့်သည်ကို မေခင်မြင်သည်။ သို့သော် သူ့မျက်လုံးတွေမှာ အရိပ်အယောင်မရှိ။ သူ့မျက်နှာသွင်ပြင်မှာ အလှုပအခတ်မရှိ။ ပကတိမျက်နှာသေဖြင့် စီစီထံ ပြန်လှည့်သွားသည်။

မေခင့်ကို သူ မမှတ်မိတော့သည်မှာ သေချာလေပြီ။

မေခင်သည် ဘုရင်မတစ်ပါးနှယ်၊ ခြေချိတ်ထိုင်ရာက ဆန်ထွက်နေသော မိမိ၏ ခြေဖမိုးစွန်းတစ်ဖက်ကို မျက်တောင်စင်းစင်းဖြင့် လှမ်းကြည့်သည်။ ခြေထောက်ကို စည်းဝါးမကျတကျ လှုပ်ရမ်းလိုက သောအခါ နှစ်လက်မခွာမြင့် ရှာမွိုင်းသားရေနု ဖိနပ်ကလေးသည် ခြေဖျားတွင် ခိုတွယ်နေရာက အသာအညင် လျှောကျသွားလေ၏။ ပုံသွင်းထား

သာ ကြေးနီရောင် ေ ခြသည်းလက ်လက ်ကေ လးတွေ။ ပန်းနုေ ရာင် ဖေ နာင ်သားနှင ့် ဂင ်းအိနုညက ်ေ သာ ခြေဖမိုးပြင်ေ တွ။

မေခင်သည ် မိမိဘာသာ ေ ကျနပ်ခြင ်းကြီးစွာဖြင ့် ေ ရာ်ဘာဖိနပ ညစ ်ထပ ်ထပ ်ေ ပါမှ ဖေနာင့ ်သား ပပ ်ကြားအပ ်ေ နေသာ အညတရေခြေ ထာက်ကို အားမနာပါးမနာ ကြည့ ်ေ လ၏ ။

စိတ်ထဲကလည ်း အေ ရးပေါ်အစီအစဥ်ေ တွ တစ်မျိုးပြီးတစ မျိုးကြံစည ်တွက ်ဆလျက ်ရှိသည ်။ သူ မမှတ ်မိသည့ ်အဖြစ ်ကို မေ ကျနပ်။ မှတ်မိစိမ့ ်ေ သာငှာ၊ သတိရစိမ့်ေ သာငှာ၊ သတိရစိမ့်ေ သာငှာ တစ်စုံတစ ခုကိုေ တာ့ မေခင် လုပ ်ရေ ပလိမ့်မည ်။

"အားလုံးပေါင်းမှလည ်း ကိုးကိုက ်ပဲ ရှိတယ ်ရှင ်၊ ပြီးေ တာ့တစ ဆက ်တည ်း မဟုတ ်လို့ပါ။ ကျွန ်မတို့က ဂါဂန ်ပြန ်ချုပ ်တာချုပ ်တာဆိုေ တာ့ တစ်ဆက ်တည ်းမှ တွက ်သားကိုက ်ပါတယ ်။ ခုလို အစေ တွဆိုရင် ေ လတတ်လို့ပါ"

စီစီ အဆုံးဖြတ်ရခက ်ေ နသည်ကို ခုမှ ဆိုင ်ေ ပါ်ပြန်ေ ရာက လာသည့ ် လှလှကြူကဂင ်ပြီး အပြတ ်ရှင ်းလိုက ်သည ်။

လှလှကြူသည် နှုတ ်မှ ေ ပြာလည်းေ ပြာ လက်တစ ်ဖက ်ကလည း ေ ထာပတ်သီးေ ဖျာ်ရည ် ဖန ်ခွက ်ကို ကိုင ်ရင ်း ကျန ်လက ်တစ ်ဖက ဖြင့ ် ေ နာက်ဘက ် ဗီရိုကိုဖွင့ ်ကာ ပန ်းကန ်ပြားတစ ်ချပ ်ကို ထုတ ်ယူေ န၏ ။

တစ်ဆက ်တည ်းပင ် လက ်သုတ ်ပဝါကို ရှာသည ်။

ပန်းကန ်ပြားေ ပါ်တွင် ဖန ်ခွက ်တင ်ပြီးမှ လက ်သုတ ်ပဝါေ ခါက ကို ဖန ်ခွက ်ေ ဘးမှ ထည့ ်ကာ ေ မခင့ ်ကို လက ်နှစ ်ဖက ်ဖြင့ ် ကမ ်းေ လသည်။

စီစီသည် အားနာဟန် ချိုသာပြုံးကေ လးနှင့် ပိတ်စများကို ကျေ လည်စွာ ပြန်ခေါက်ရင်း-

“တက်ထရွန် ကိုက်ထိုးရောင်းတဲ့ဆိုင်တွေမှာ သွင်းကြည့်ပါနော်”

“ဖြစ်နိုင်ရင်တော့ ယူလိုက်ပါဗျာ၊ တခြားမှာလည်း ကျွန်တော ထပ်စကားမပြောချင်တော့လို့ပါ”

ပင်ကိုထက် တစ်ထစ်လျော့သော တိုးလျှိုးဟန်ကြောင့် စီစီက လှလှကြူကို မျက်လုံးဖြင့် လှမ်း၍ တိုင်ပင်သည်။ လှလှကြူက ခေါင်းယမ်းမည်ကြံဆဲ -

“ယူထားလိုက်ပါ စီစီ”

မခင့်မျက်နှာပေါ်သို့ အကြည့်အားလုံး စုပြုံကျ ရောက်လာပြီကိုသိသည်။ မခင်က ဘယ်သူ့ကိုမှ အကဲမခတ်သလို ကျေ နပ်မျက်နှာဖြင့် ထောပတ်သီးဖျော်ရည်ကို မြိန်သောက်နေ၏။ မခင်သဘောထား မီးစိမ်းပြလိုက်သည်နှင့် တစ်ပြိုင်နက် လှလှကြူက ပိတ်စများကို ကိုက ထိုးတော့သည်။

“အစ်ကိုကြီးကို အားနာလို့ ကျွန်မတို့မမက လက်ခံလိုက်တာရှင့်၊ ဒီဆိုင်က ဘောက်ပစ္စည်းကောက်တဲ့ထုံးစံလည်း မရှိပါဘူး။ အလိပ်လိုက်ပဲ ယူတယ်။ ဒီနေ့ပေါက်ဈေးတော့ အစ်ကိုကြီးသိတယ်နော် ဆယ့်နှစ်ခွဲ”

ဗျာ... တစ်ကိုက်ကို ဆယ့်နှစ်ကျပ်ခွဲ၊ မနည်းလွန်းဘူးလားဗျာ။ နှစ်ကျပ်လောက်ပဲ မြတ်တယ်”

“မေးကြည့်ပါရှင်၊ ဒီဗိုလ်ချုပ်ဈေးသစ်တွင်မကပါဘူး၊ ဟုဘကက လေဟာပြင်ဈေးပါ လိုက်မေးပါ။ တစ်ကျပ်ပိုရင် အချိန်မရွေး ပြန်လာ

ပြာ အစ်ကိုကြီး”

“နည်းလွန်းပါတယ်ဗျာ၊ ဆယ့်ငါးကျပ်တော့ ပေးပါ”

ယောလုံချည် ဖြူဖပ်ဖြူရော် ဝတ်နေရခြင်းအကြောင်းရင်းဇာစမြစ်ကို မေခင်တစ်ထိုင်တည်းနှင့် ပင်ကြံဆသိဖြင့် ဆုပ်ဖမ်းမိတော့မတတ် ရှိသည်။ ခြင်းရိပ်တင်းရိပ်သိလွယ်သော လှလှကြူက -

“တစ်ကျပ်တစ်ပြားအတွက် အချေအတင်ပြောရတာ အစ်ကိုကြီးကို အားနာပါတယ်ရှင်။ အစ်ကိုကြီးလည်း အလုပ်ဖြစ်အောင် ကဲ... ဆယ့်သုံးခွဲယူ”

“ဆယ့်လေးအတိပဲ ပေးလိုက်ပါလားဗျာ”

“ဩော်... အစ်ကိုကြီးကလည်းလေ။ တကယ်ပဲ။ အစ်ကိုကြီးအိမ်သူကတော့ အရမ်းလွတ်ကံကောင်းတာပဲ။ တကယ့်ကိုစေ့စပ်သေဘာကျမ်းတဲ့ အစ်ကိုကြီး။ ကဲ... စီစီရယ် ပေးလိုက်ပါဟယ်...တစ်ရာနှစ်ဆယ့်ခြောက်ကျပ်”

လှလှကြူက ကျွမ်းကျင်ရုံမက ပါးနပ်သူဖြစ်လေသည်။ မေခင့်ရှေ့မှာ သူ့ကျွမ်းကျင်မှုတွေ ပေါ်ထင်အောင်ပြလျက်ရှိသည်။ ဒါမျိုးတွေ မေခင်တို့က ဖြစ်လာသည့်မို့ အမှုအမှတ် တယ်မထားချင်တော့။ အမှန်မှာ စီစီလည်း လှလှကြူထက်မသာဘူးဆိုသော်မှ တန်းတူတော့ လိုက်နိုင်သည်ကို မေခင်သိသည်။ သို့သော် လှလှကြူက နှုတ်ရေးစကားတတ်။

“တစ်ရာနှစ်ဆယ့်ခြောက်ကျပ်လား”

သူက သံယောင်လိုက်ပြီး မေးသည်။ သည့်အသံကိုကြားမှ မေခင်ရင်ထဲကပါ ‘တစ်ရာနှစ်ဆယ့်ခြောက်ကျပ်’ ဟု ပဲ့တင်ထပ်လာလေသည်။

“တွက်ပြမယ် အစ်ကိုကြီး...ကြည့်”

စက္ကူတစ်ရွက်ပေါ်မှာ ဘောလ်ပင်တယမ်းယမ်းနှင့် အလုပ်ရှုပ်နေသော သူတို့သုံးယောက်ကိုကြည့်ရင်း မေခင့်ခေါင်းထဲမှာ အလင်းတစ်ခုလက်လာသည်။

“တစ်ရာနှစ်ဆယ့်ခြောက်ကျပ်ဆိုတာ ဟိုတစ်ချိန်တုန်းက အောက်တန်းစာရေးတစ်ယောက်ရဲ့ လစာပဲနော်”

မေခင်က တစ်ကိုယ်တည်း ညည်းသလို ပြောလိုက်သည်။

သူ မျက်လုံးဝေ့၍ ကြည့်သည်။

သို့သော် နဂိုအတိုင်းပင် သူ့မျက်လုံးတွေမှာ အရိပ်အယောင် အလှုပ်အခတ် မမြင်ချေ။ ‘သွားပြီ’ ဟု မေခင့်စိတ်ထဲမှာ မောသွားသည်။

ပထမကျည်ဆံတော့ လွဲချေပြီ။ သို့သော် ပထမကျည်ဆံဆိုသည်မှာ သေနတ်စမ်းခြင်းသာ ဖြစ်သည်မဟုတ်လား။ လွဲစမ်းပါစေ။ စီစီက ပိုက်ဆံများကို ကမ်းပေးလိုက်သည်။ ရာတန်တစ်ရွက်၊ အစိတ်တန်တစ်ရွက်၊ ကျပ်တန်တစ်ရွက်၊ ရှင်းလင်းစွာ။

မေခင့်ခေါင်းထဲမှာ ဒုတိယအလင်းတစ်ခု လက်လာပြန်သည်။ ထောပတ်သီးဖျော်ရည်ခွက်ကို မောင်လှအား လှမ်းပေးလိုက်ပြီး လက်ပွေ့အိတ်ကို ကောက်ယူကာ ထောက်ခနဲ ဖွင့်သည်။ အတွင်းအိတ်ငယ်လေးတစ်ခု၏ ဇစ်ကိုဆွဲလိုက်သော် နှစ်ဆယ်တန်ငွေစက္ကူဟောင်းတစ်ချပ်ကို နဂိုနေမြဲအခြေအနေအတိုင်း တွေ့ရလေသည်။

အိတ်မြှောင်ကလေးထဲသို့ လက်နှိုက်၍ စမ်းပြန်သည်။ ရွှေပြားခတ်ပန်းလက်စွပ်တစ်ကွင်း လက်ထဲမှာပါလာ၏။ လက်စွပ်ကို နှစ်ဆယ်တန်ငွေစက္ကူနှင့် ရစ်ပတ်လိပ်ခေါက်လိုက်သည်။

ငွေစက္ကူခေါက်ကို လက်မှာ ဆုပ်မိသောအခါ မခေင့်အေသွးအသားတွေ ပွက်ပွက်ဆူမတတ်ခံစားရ၏။ သို့သော် သွေးအေးသောအမူအရာနှင့်ပင် ငွေစက္ကူခေါက်ကို သူ့ခြေထောက်ကြားထဲသို့ ဘယ်သူမှမရိပ်မိအောင် ပစ်ထည့်လိုက်လေသည်။ သူက ရုတ်ခနဲ ခြေထောက်တွေအနေအထားပျက်သွားပြီ၊ လက်တွင်းမှာ ပိုက်ဆံများရေတွက်နေလျက် အောက်သို့ ယောင်ကတမ်း ငုံ့ကြည့်သည်။

"ရှင့်ဆီက တစ်ခုခု ထွက်ကျသွားတယ်"

"ဗျာ..."

သူသည် ခြေထောက်ကြားက ပိုက်ဆံခေါက်ကိုတစ်လှည့်၊ သူ့လက်ထဲက ပိုက်ဆံများကိုတစ်လှည့် နားမလည်စွာ အေယာင်ယောင်အမှားမှားကြည့်ရင်း ပိုက်ဆံခေါက်ကို ကုန်း၍ ကောက်သည်။

"အဲဒါ ရှင့်ဥစ္စာပဲ"

"ဗျာ"

မခေင်သည် ကုလားထိုင်တွင် ပြန်၍ ခပ်နွဲ့နွဲ့မှီလိုက်ပြီး ခြေပြောင်း၍ ချိတ်ကာ မျက်တောင်များကို စင်းနေအောင်မှေး၍ ကြည့်နေလိုက်၏။

သူက ငွေစက္ကူခေါက်ကို ဖြေနသည်။

တော်ပြီ၊ အချိန်တန်ပြီဟု ဆုံးဖြတ်ကာ ထိုင်ရာမှ ထသည်။

"မမပြန်မယ်၊ ဂါဝန်ဒီဇိုင်းသစ်ခြောက်မျိုးအတွက် နေရာလုပထား။ ဒီဇိုင်းဟောင်းတွေစာရင်းကို တစ်ပတ်အတွင်းပြီးအောင်လုပ်၊ နယ်မပို့ခင် ပြည်တောင်စုပွဲမှာ တင်ဦးမယ်"

နှစ်ဆယ်တန်ကို ဖြန့်ကြည့်နေသော သူ့လက်တွေ တုန်ယင

ေ နပြီလားဟု သိချင်သည ်။

တွေ့ပြီလား၊ ဟင်...ရှင ်ေ တွ့ပြီလား၊ ရှင်ေ ပးခဲ့တဲ့ လက်စွပ ်ေ လ။

'ညီမေလးရဲ့ ပညာရေးအတွက်' လို့ အေ သာ့ရေးထားတဲ့ ရှင့ ်လက ်ေ ရးကိုကော ရှင်ေ တွ့ပြီလား။

ပြီးတော့ ကျွန်မကိုေ ကာ...မေမခင်ကိုေ ကာ ရှင်ေ တွ့ပြီလား၊

နှုတ်ခမ ်းကို ဖွဖွကိုက ်ရင ်း မျက ်လုံးေ ထာင့ ်ဖျားမှ သူ့ကို ကြည ်သည ်။ ဆိုင ်ေ ပါတင်ထားေ သာ လက်ေ ပွ့အိတ်ကို ေ ကာက်ယူပြီး သူ့ကို ေ နာက်ခိုင ်းလှည့ ်ထွက ်ခဲ့ေ လသည်။

ဒါလောက်ပါပဲ၊

'စိန်' ေ ခါ်ရုံလောက်ပါပဲ၊

လောကတစ်ေ နရာမှာ ဦးဖုန်းမြင့ ်ကို ရင ်ဆိုင ်လိုေ သးတဲ့ မေ မခင်တစ ်ေ ယာက် ရှိေ နေသးတယ်ရယ ်လို့ အသိေ ပးရုံလောက်ပါပဲ။

နောက်ပါးမှ လက ်ဆွဲအိတ ် လွတ ်ကျသလိုလို အပြိုပြိုအလဲလဲ ဖရိုဖရဲသံများ ကြားလိုက်ရသည ်။

(၂)

ဈေးသစ်၏ ဘေးပေါက်မှ ထွက်မိသည်နှင့် အဝေးမှ ကားလိုမ့်လာသည်ကို မြင်ရသည်။ 'ရှဖီး' တို့က ဤမျှ မျက်စိရှင်သည်။ ကားရပ်ရန်နေရာမှ စောင့်ရာတွင် ဘယ်တော့မှ ငေးတိငေးမော ပျင်းရိပျင်းတွဲမရှိ။

ခုလို အချိန်ပိုမဖြုန်းချင်သော အနေအထားမျိုးတွင် ရှဖီး၏ ဖျတ်လတ်မှုကို ကျေးဇူးတင်ရပေသည်။ ကျောက်စိမ်းရောင် လေးချိတ ကားလေး၏ ရှေ့ခန်းတံခါးပွင့်လာသည်။

မေခင်သည် အလိုက်သင့် ဝင်ထိုင်လိုက်ပြီး -

"ငါကိုယ်တိုင် မောင်းသွားမယ် ရှဖီး၊ တို့ဆိုင်မှာ လူတစ်ယောက် ကျန်ခဲ့တယ်။ ထွက်သွားစဖြစ်ချင်လည်း ဖြစ်လိမ့်မယ်။ ကော်ကိုင်းမျက်မှန် မီးခိုးရောင်တိုက်ပုံအနွမ်းနဲ့၊ နှစ်နံ့စပ် ယောလုံချည်အနက် ဖြူဖပ်ဖြူရော်ဝတ်လို့။ လက်ဆွဲအိတ်အနီရောင်၊ အသက်လေးဆယ်ကျော်လောက်၊ အသားညိုညို…"

"ရပြီ အစ်မ၊ ဘာလုပ်ရလဲ"

"သေသေချာချာလိုက်ကြည့်ပြီးမှတ်ခဲ့၊ နောက်ကျရင် သူ ဘယ်မှာနေတယ်၊ ဘယ်လိုနေတယ်ဆိုတာ ငါသိချင်တယ်။ ပြီးတော့ နင့်ကို သူမသိစေနဲ့"

"ပိုက်ဆံ ငါးကျပ်လောက်ပေးခဲ့ပါအစ်မ"

ဘယ်တော့မှ ပိုက်ဆံငါးပြားတစ်စေ့ အသင့်ထည့်မလာတတ်သော ရှဖီး၏ ဓလေ့စရိုက်ကို အမှတ်မဲ့ ဖြစ်သွားမိသည်။

မေခင်က အစိတ်တန်တစ်ရွက် ဆွဲထုတ်ပြီး -

"ကဲ… ရော့၊ နင်ပြန်လာရင် တရုတ်တန်းက အော်ကေးကြည်

ဂယ်ခဲ့စမ်း၊ ငါ့တစ်ေ ယာက်စာ”

ရှဖီးက ပခုံးကေလး မသိမသာတွန့်ပြီး လှည့်ထွက်သွားေ လသည ။ေ မခင်က ကားကိုေ ထွေထွေပြားနေ၍ ကားဂင်ခွင့် လက်မှတ်ကို ပြန်မေ ပးမိခဲ့။ ဂိတ်ေ ပါက်ဂထွက်မိမှ သတိရကာ ေ ရှ့မှန်အစပ်တွင် ဆွဲချိတ်ထားေ သာ ‘လက်ချ်မီးေ ဒဂိ’ ရုပ်တုကေ လး၏ ခြေထောက်ကြားမှ ကားလက်မှတ်ကို ကပျာကယာဆွဲထုတ်ပြီး ပစ်ချေ ပးခဲ့ရသည်။

မေခင့်စရိုက်ကိုက အေ ရးကြီးသည့် ကိစ္စတစ်ရပ် ဘာမှ အဓိပ္ပာယ်မရှိလှသည့် ကိစ္စတစ်ရပ်နှင့် ပူးတွဲခိုင်းေ စတတ်သည်။ အခိုင းအေ စခံရသူအဖို့ ကိစ္စအားလုံး တန်းတူေ ဆာင်ရွက်ရမည်သာဖြစ်သည်ကို ေ မခင်နားလည်ပြီး။

ထို့ကြောင့်ပင် အေ ရးကြီးသောကိစ္စနှင့် အေ ရးမကြီးေ သာကိစ္စသည် တန်းတူအေ ရးကြီးကာ၊ တစ်နည်းအားဖြင့်လည်း တန းတူပင်။ အေ ရးသိပ်မကြီးလှသည့်သေ ဘာကို ဆောင်မည်။ ရှဖီးအေ ပါမှာ စိတ်ဓာတ်ေ ရးရာအရ လှည့်ဖြားလိုက်ခြင်းသာ ဖြစ်သည်။

ပြီးတော့ ကေန့ည အိမ်မှာ ထမင်းစားရမည်ကို ငြီးေ ငွ့သည်။

အိမ်မှာ အာလီတို့ အလုပ်လုပ်ကြမည်။ ‘ေ ရွှ’ ကျိုကြမည်။ အထည ပျက်ေ ရွှေတွကို တစ်လတစ်ကြိမ်၊ ပစ္စည်းအဂင် သိပ်များေ နလျှင် တစ လ နှစ်ကြိမ်ခန့်၊ အခါအားေ လျာ်စွာ ကျိုပစ်ပြီး အရည်သန့်စင်ကာ ေ ရွှ ချာင်းပြုလုပ်ရသည်။

သည်ေ ရွှလုပ်ငန်းမှာ ေ မခင်နှင့် တိုက်ရိုက်ပတ်သက်သည တော့မဟုတ်။

အာလီနှင့် သူ့မယားကြီးတို့၏ စီးပွားရေး၊ ရွှေဘုံသာလမ်းမှာ အာလို့ဆိုင်ခန်းရှိသည်။ အာလို့မယားကြီး မမြဘီ၏ ေ နအိမ်ဆိုလည်း ဟုတ

သည်။

သို့သော် ရွှေကျိုသည့်လုပ်ငန်းကိုတော့ သင်္ဃန်းကျွန်းက မေခင့်အိမ်ထဲမှာပဲ လွတ်လွတ်လပ်လပ် လုပ်ကြလေသည်။ သည်လုပ်ငန်းမှ အကျိုးအမြတ်ကို မေခင်ကလည်းအရေးမစိုက်သလို၊ အမှုအမှတ်မထားသလို နေသည်။

အာလို့ထံမှ သူဒါတွေမလိုချင်၊ ငွေဘာလုပ်ဖို့လဲ၊ ရွှေဘာလုပ်ဖို့လဲ။ မေခင်ရခဲ့ပေါင်းများလှပြီ။ မတန်မဆ အာလို့ထံမှ ရဖူးခဲ့ပြီ။ အာလို့ထံမှာ မေခင်တောင်းဆိုချင်တာ တစ်ခုပဲ ရှိတော့သည်။ သို့သော် အချိန်နည်းနည်းတော့ စောင့်ရပေဦးမည်။

လိုချင်တာရနိုင်ဖို့အတွက် ကြိုတင်စီမံကိန်းအနေနှင့် အာလို့ကို မေခင်လိုက်လျောထားသည့် ကိစ္စများစွာရှိသည်။

မေခင့်အိမ်မှာ အာလီတို့အလုပ်လုပ်ကြသည့်ညတိုင်း တစ်ဖွဲ့လုံးအတွက် မေခင်က အစားအသောက်ကို အထူးတလည် စီမံပေးလေ့ရှိသည်။ ကနေ့ညလည်း ထောပတ်ထမင်းကျွေးဖို့ စီစဉ်ခဲ့ပြီးဖြစ်လေသည်။

သူတို့အကြိုက် ဇီရာမဆလာနံ့ပြင်းပြင်း၊ ထောပတ်နံ့သင်းသင်း ဟင်းကျွေးဟင်းလျာ အစားအစာတွေကို မေခင်ကတော့ ငြီးငွေ့သည်။

အထူးသဖြင့် ထောပတ်နံ့ကို မေခင်မကြိုက်၊ အာလို့အနံ့အတိုင်းပဲ။ အာလီ မိမိအနားကပ်လာလျှင် ထောပတ်စော်နံလိုက်တာဟု အားမနာပါးမနာ နှာခေါင်းရှုံ့မြဲ။ စိတ်ပျက်သော မျက်လုံးစိမ်းများကို ဟန်ဆောင်မရနိုင်ဘဲ တစ်ခဏလေးဖြစ်ဖြစ် တွန်းပစ်ရသေးသည်။

သို့သော် ဤထောပတ်စော်နံသော အတွေ့ဘာကြီးနှင့်ပေါင်းထွေးလုံးရစ်ပတ်နေခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။

ကြာခဲ့ပြီ...။

(၃)

၁၉၆၄...

"မြန်လိုက်တာဗျာ"

ချုပ်ပြီးစ ပုဆိုးကို သပ်သပ်ရပ်ရပ် ခေါက်နေတုန်း မောင်ဆိုင်ရှေ့သို့ သူ ပြန်ရောက်လာသည်။

"ကျွန်တော့် ဈေးတောင် တစ်ပတ်မလည်ဖြစ်ဘူး။ ဟိုဘက်တန်းတင် သွားတိုက်ဆေးဝယ်ပြီး ပြန်လှည့်လာတာ"

"ဩော်..."

ပုဆိုးချုပ်ရိုးတစ်နေရာ အပ်ချည်စလေး ကျန်နေသည်ကို ကတ်ကြေးဖြင့် စိတ်ရှည်လက်ရှည်ညှပ်ပြီးမှ စက္ကူအိတ်ထဲထည့်သည်။

"ချုပ်ခ..."

"ပြားသုံးဆယ်ပါ"

စက္ကူအိတ်ကို လှမ်းပေးရင်း သန့်စင်သော ဥပဓိရုပ်ကို အမှတတင်ထင် သတိထားကြည့်လိုက်မိလေသည်။ စူးစူးရဲရဲ မျက်လုံးအကြည်က ထူးခြားနေသည်။ သူက အိတ်ထဲမှ ကျပ်တန်တစ်ရွက်ကိုထုတ်ကာ မောင့်ရှေ့က စက်ခုံပေါ် လှမ်းတင်ရင်း -

"ယူလိုက်ပါဗျာ၊ ကျွန်တော့်ပုဆိုးက နှစ်နံ့စပ်ဆိုတော့ လက်ဝင်ပါတယ်။ ကျေးဇူးပဲ ညီမ"

"အို... မဟုတ်ဘူး၊ ဒီမှာ...ဒီမှာ... ပိုမယူချင်ဘူးရှင့်။ ထုံးစံအတိုင်း ပြားသုံးဆယ်ပါပဲ။ ဒီမှာ ပြန်ယူသွားပါဦး"

ပြုံးပြုံးပျာပျာလေသံ၊ သီးသီးခါးခါး ငြင်းဆန်ဟန်တို့ ကြောင့် သူက ပြန်လှည့်လာသည်။

မေခင်က စက်ခုံအံဆွဲတွင်းမှ အေ ကြွပြားခုနှစ်ဆယ်ကို ရေတွက ယူပြီး သူ့ကို ကမ်းပေးလိုက်သည်။

"ပုဆိုးနှစ်နံစပ်လည်း ထုံးစံ ပြားသုံးဆယ်ပါပဲ"

အားနာပုံရေသာ မျက်နှာနီနီနှင့် ခပ်လျော့လျော့ ပြုံးရင်း ပိုက ဆံအေကြွများကို လှမ်းယူလေသည်။

"ညီမကလည်း အတိအကျလုပ်နေတယ်"

"ဟုတ်ကဲ့၊ တိတိကျကျလုပ်တာကောင်းပါတယ်"

ဖျတ်ခနဲ မျက်လွှာပင့်ကြည့်သည်။ မေခင့်ကို အဓိပ္ပာယ ရှာချင်သောအကြည့်ဟု မေနာသိက သိလိုက်သည်။

"နောက် ချုပ်စရာရှိရင်လည်း လာပါ။ မေခင်တို့က ဈေးပိုမယူပါဘူး"

သည်တော့မှ ကြည်ကြည်စင်စင်ပြုံးရင်း ခေါင်းညိတ်ပြသွားလေသည်။

ဆံပင်ညှပ်လာစ ဖြစ်ဟန်တူသည်။ လည်ကုပ်ပေါ်မှာ ဆံပင စကလေးတွေ ကပ်နေသည်ကို မေခင်က ရှာရှာဖွေဖွေမြင်လိုက်သည်။

အသားညိုညိုပဲ၊ အရပ်မြင့်မြင့်။ ဒါပေမယ့် ပိန်ရှည်ကြီးတော့ မဟုတ်ပါဘူး။

"အဲဒါ ခုပြောင်းလာတဲ့ မြို့ပိုင်အသစ်တဲ့"

မေခင့်ဆိုင်နှင့်ကပ်လျက် အထည်ဆိုင်မှ ဦးလေး ကိုဟုတ်

ရွက လှမ်းပြောလိုက်သည်။ စိုက်မိစိုက်ရာ ငေးမိငေးရာ အာရုံလွင့်ပါးနေသော မေခင်သည် အမူအရာမပျက်ရအောင် မနည်းကြီး ဟန်ဆောင်ထိန်းလိုက်ရ၏။ ကော်ကပ်လက်စ အင်္ကျီတစ်ထည်ကိုလှမ်းဆွဲကာ စက်ခုံပေါ် ဝင်ထိုင်လိုက်သည်။

"ဦးလေး ကိုဟုတ်ရွှေပြောတဲ့ မြို့ပိုင်အသစ်ကလည်း သိပ်လည်းမကြီးသေးပါလား"

"အောင်မာ၊ မယုံလို့လား နင်က၊ မြို့နယ်အတွင်း ရေးမှူးနေရာကိုတောင် ရမယ့်လူတဲ့ဗျ။ ဘာမှတ်လဲ"

ဦးလေးကိုဟုတ်ရွှေက စွပ်ကျယ်ချိုင်းပြတ်ကို ရင်ဘတ်ပေါ်ပင် လှန်ကာ ဗိုက်ရွှဲကြီးကော့လတ်ကော့လတ်နှင့် မေခင့်ဆိုင်ဘက ကူးလာပြီး သူ ရထားသည့်သတင်းထူးကို ခပ်တိုးတိုးဖြန့်ချိလေသည်။

"ဒါဆို နောက်တစ်ခါ ပုဆိုးလာချုပ်ရင် ရင်းရင်းနှီးနှီးပြုံးပြထားမှထင်တယ်။ ဟုတ်သောရှိ မဟုတ်သော်ရှိ"

မေခင်က ခပ်ရွှန်းရွှန်းအမူအရာဖြင့် ခပ်ပေ့ါပေ့ါ ပြောလိုကသည်။

"နောက်မနေနဲ့ ကောင်မလေး၊ ငါ တကယ်ပြောနေတာ၊ ရင်းနှီးဖို့သင့်တယ်။ ကြော့ရှန်းရှိရှိကလေးနဲ့ပေ့ါဟာ။ ဆယ်တန်းကို ဂုဏ်ထူးသုံးခုနဲ့အောင်ထားပြီးမှ စက်ကလေး ချောက်ချီးချောက်ချက် ချုပ်နေရတာ ငါတို့ အားမရလွန်းလို့"

"မြို့ပိုင်ရုံးမှာ ပျာတာလောက်တော့ ခန့်နိုင်မှာနော်"

"ဘာဖြစ်ဖြစ်ပေ့ါဟဲ့၊ တယ်လေ... ဒီကောင်မလေး ပြက်ချော်ချော်နဲ့၊ ငါ အကုန်ပြောမှထင်တယ်။ ဒီမှာ မေမခင်ရဲ့၊ အဲဒီ မြို့ပိုင်က အိမ်

ထောင်မရှိဘူးဟဲ့ သိလား၊ သစ်တောဘာဘန်ဂလိုမှာ စုပေါင်းနေတယ်တဲ့”

အို... ဟု နှုတ်ကထွက်သွားပြီးမှ ဦးလေးကိုဟုတ်ရွှေ၏ စကားကို အမှုအမှတ်မထားဟန်ဖြင့် စက်ကို မဲချုပ်နေလိုက်သည်။

# (၄)

မကြာခင်မှာပင် သူ တစ်ခေါက် ရောက်လာပြန်လေသည်။

"ပုဆိုးတွေ အများကြီးပါလား"

စက်ခုံပေါ်တင်ထားသောစက္ကူအိတ်ကြီးကို ဖွင့်ကြည့်ရင်း အမှတ်မထင် ပြောလိုက်မိ၏။

"သာယာဝတီမြို့ရောက်တော့ ပုဆိုးကောင်းကောင်း ဝတ်ရတာပေါ့ဗျာ။ သုံးဆယ်ထွက် လက်ရက်ကန်းထည်တွေက စံချိန်ပြည့်ပဲ"

မခေါင်က ပုဆိုးသုံးထည်ကိုဆွဲထုတ်ပြီး စက်ခုံပေါ်တင်လိုက သည်။ နောက်ထပ်အိတ်ထဲကိုဆွဲယူလိုက်တော့ ယောကျ်ားဝတ်ရှပ် အင်္ကျီတစ်ထည်။

"အဲ...အဲဒါက ကုပ်ပိုးမှာ ချုပ်ရိုးနည်းနည်းပြေနေလို့ဗျာ၊ နောက ပြီး ကိုယ်ထည်ကလည်း နည်းနည်းပွနေလို့ တစ်ဖက်လက်မဝက်စီလောက် ကျဥ်းချုပ်ပေးနိုင်မလားလို့ပါ။ ဝတ်ပြီးသားအင်္ကျီကို လာပြင်ရတာ အားတော့နာပါတယ်"

"ရပါတယ်၊ လုပ်ပေးလိုက်မယ်လေ၊ ဟောဒီမှာ ရင်ဘတ်ကြယ်သီးတစ်လုံးလည်းပြုတ်ထွက်နေပါလား။ မခေါင့်ဆီမှာ တူတာရှိရင် တစခါတည်း တပ်ပေးလိုက်ပါ့မယ်။ ဒါပဲ မဟုတ်လား"

ထားခဲ့လေဟု အဓိပ္ပာယ်ရသောစကားဖြင့် မခေါင်က အဆုံးသတ သည်။

"ခေါင်းအုံးစွပ်နဲ့ အိပ်ရာခင်း ချုပ်ဖို့ရှိသေးတယ်။ ဖျင်စဝယ လိုက်ဦးမယ်"

တစ်ဖက်ဆိုင်မှ ဦးလေးကိုဟုတ်ရွှေကို ဖျတ်ခနဲ လှမ်းကြည

်မိကာ -

“ပေါ်ပလင်စလား ရှင်”

“ဟုတ်တယ်၊ ပေါ်ပလင်ကောင်းတယ် မဟုတ်လား”

“ကောင်းပါတယ်၊ ဒီဆိုင်မှာ ရှိပါတယ်။ ဦးလေးကိုဟုတ်ရွှေ ဟာဒီပေါ်ပလင်...”

“ကြွပါဆရာ၊ နေကြာလည်း ရှိပါတယ်၊ ယူဂိုလည်း ရှိပါတယ်။ အလိုရှိရာ ရွေးပါခင်ဗျ”

မေခင့်စကားမဆုံးမီ ပျာပျာသလဲ ခရီးဦးကြိုပြုနေသော ဦးလေးကိုဟုတ်ရွှေအသံက စက်သေနတ်ပစ်သလို တရစပ်ထွက်လာလေသည်။

တစ်ယောက်အိပ်၊ အိပ်ရာခင်းအတွက် ဖျင်ဘယ်နှကိုက် ဖြတ်ရမလဲဟု တစ်ဖက်ဆိုင်မှ လှမ်းမေးသည်ကို ငါးထောင့်ထွာဖြတ်ပါ၊ အနံကြီးဆိုရင် ငါးတောင့်ထွာနဲ့ ရပါတယ်၊ ယူဂိုပေါ်ပလင်နော်ဟု စိတ်ရှည်လက်ရှည် အကြံပေးနေမိသေးသည်။

သည်တစ်ခါတော့ ဈေးမပတ်တော့ဘဲ ဦးလေးကိုဟုတ်ရွှေဆိုင်ရှေ့မှာပင် တစ်ချိန်လုံး ထိုင်စကားပြောရင်း ချုပ်ထည်များကို စောင့်၍ ယူလေသည်။

ဦးလေးကိုဟုတ်ရွှေ ဆိုင်ရှေ့မှာ တစ်ချိန်လုံးထိုင်စကားပြောခဲ့သည်ဆိုသော်လည်း ပြောခဲ့သမျှစကားရပ်တိုင်းမှာ မေခင်နှင့် နီးနွယ်၍ ချည်းနေသည်။ ဦးလေးကိုဟုတ်ရွှေကလည်း တကယ့်ဦးလေးကိုဟုတ်ရွှေ။

“မေမခင်ကတော့ ကျွန်တော်တို့ရဲ့ တူမလေးလို သမီးလေးလိုပါပဲဆရာရယ်။ ပညာရေးထူးချွန်ပါလျက်နဲ့ ခများမှာ မိဘတွေမရှိရှာ

တာ့လို့ တက္ကသိုလ်မေ ရာက်ဘဲ စက ်ချုပ ်ေ နရရှာတာ။ ဆယ်တန ်းကို သုံးဘာသာဂုဏ်ထူးနဲ့ေ အောင်ထားတာ ဆရာရဲ့။ သူ့မိဘေ တွသာရှိရင် ခုေ လာက ဆိုေ ဆးကောလိပ်တက ်ေ နရပြီပေါ့”

နှစ်ကိုယ ်ကြားေ လသံဖြင့ ်ေ ပြာသော်လည ်းေ မခင ့်နားက ကြားမိအောင်ကြားလိုက ်ေ လရာ၊ ကိုယ့ ်ဘဝကိုယ ်ပြန ်သတိရပြီး မျက ်ရည လည ်ချင ်သလိုဖြစ ်ရေ သး၏။

၁၉၆၁ ခုနှစ်၊ မတ ်လ ၂၆ ရက ်ေ န့မှစပြီး လောကမှာ အထီးကျန တစ ်ေ ကာင်ကွက ်အဖြစ ်ရပ ်တည ်ခဲ့ရေ သာ ဘဝအလှည့ ်အေ ပြာင းခံစားချက ်က ရင ်ထဲမှာ ေ ဝဒနာပြန်လည ် ဆန ်းသစ ်လာရပြန ်သည ်။

ရန်ကုန ်-မန္တေ လး စာပို့ရထား မိုင်းဖုံးနင ်းမိဆိုေ သာ သတင်းနှင ်အတူ ပွဲချင ်းပြီးေ သဆုံးသူ ခရီးသည် ဆယ ့်ခုနှစ ်ဦး အမည ်စာရင ်းတွင ် အေဖနှင့ ် အေ မတို့နာမည်များ အထင ်အရှား ဖတ ်လိုက ်ရပြီးကတည ်းက ေ လာကသည်ေ မှာင်အတိကျပြီဟုေ မခင် မှတ ်ယူခဲ့ပြီးဖြစ ်သည ်။

မေခင် လူမှန ်းမသိတတ ်ေ သးသော နို့စို့အရွယ်က အေ ဖနှင့ ် အေ မတို့အေခြချလာသည့ ် ဉာဏ်မြို့မှာေ ဆွမျိုးရင်းချာမရှိေ ချ။ အေမ့ဘက်ကေ ဆွမျိုးများ ကသာဘက်မှာ ရှိကြသည ်ဆိုတာေ လာက်ပဲ ကြားဖူးနားဝမှတ သားမိခဲ့သည ်။ ကသာေ စျးကြီးထဲမှာ ကြိမ်ဝါးပစ္စည ်း အကြီးအကျယ ်ေ ရာင းဝယ ်ေ သာ အေမ့အစ်ကိုကြီး ရှိသည ်ဆိုလား။

အေဖကေတာ့ ဆွေအေကြာင်းမျိုးအေ ကြာင်း အေ ရးတယူပြောခြင်း၊ ဆိုခြင်း အလျှင ်းမရှိေ ချ။ ခင်ရာေ ဆွမျိုးဟု ဆိုသည်။

မေခင် လူလားေ မြာက်မှ အေ ဖအေမအေကြာင်း စဥ ်းစားမိလျှင ် အေဖနှင့ ်အေ မသည်ေ ဆွမျိုးအသိုက်အဝန ်းကို ဆန ့်ကျင ်၍ ပေးလံသီခေါင ေ သာ တစ်ရပ ်တစ ်ေ ကျးမှာ ဘဝကို သီးခြားထူထောင်ခဲ့ကြခြင ်းဖြစ ်မည ်ဟု

မှန်းဆရသည်။

သို့ဖြင့် ဆွေစဉ်မျိုးဆက်သမိုင်းကို ရေရေရာရာမသိသော မိန်းကလေးတစ်ယောက်အား အဖေနှင့်အမေသည် ဖြုန်းခနဲ အထီးကျန်ထားရစ်ခဲ့ရာ တွယ်ရာမဲ့ခြင်းသောကကို ထိတ်လန့်ကြေကွဲစွာ ရင်ဆိုင်လိုက်ရလေသည်။

မိဘများ ဆုံးပါးပြီးစ နွေရာသီကျောင်းပိတ်ရက်များ ကုန်လွန်လျှင် မေခင် ဆယ်တန်းတက်ရမည်ဖြစ်သည်။ ဘယ်တုန်းကမှ စိတ်ကူးထဲမထည့်ခဲ့ဖူးသော ဘဝရှေ့ရေးကို မတွေးမဖြစ် တွေးရတော့ပြီ။

အဖေအမေ ကုန်ဝယ်သွားခိုက် စားစရိတ်သောက်စရိတ်မျှသာချန်ထားရစ်ခဲ့သော ငွေစကလေးတစ်ရာနှစ်ရာနှင့် လက်ဝတ်လက်စားအနည်းငယ်လောက်ကိုချည်း အားကိုး၍ မဖြစ်တော့ဟု သဘောရလာသည်။ သို့သော် မိဘလက်ငုတ် အထည်ဆိုင်ကိုလည်း မေခင် ဆက်ပြီး လည်ပတ်သွားနိုင်လောက်အောင် မကျွမ်းကျင်ချေ။

သို့နှင့် အဖေအမေတို့နှင့် အရင်းနှီးဆုံး ဆိုင်နီးချင်းဦးလေးကိုဟုတ်ရွှေကို တိုင်ပင်ရသည်။ ဆိုင်ရှိပစ္စည်းအားလုံးကို ရောင်းချလိုသည်။ ဆိုင်ခန်းကိုလည်း ဦးလေးကိုဟုတ်ရွှေပင် ထိန်းသိမ်းထားပါ။ ဆယ်တန်းအောင်၍ အလုပ်မရသေးလျှင် ထိုဆိုင်ခန်းမှာ အပ်ချုပ်စက်ကလေးတစ်လုံးချ၍ လုပ်ကိုင်စားသောက်ရပါမည်။

ဦးလေးကိုဟုတ်ရွှေ၏ ကျေးဇူးဖြင့် ဆယ်တန်းတစ်နှစ်စာ ပညာသင်စရိတ်ကိုအလွယ်တကူ ပြည့်စုံခဲ့ရပေသည်။ မေခင့် အစဉ်အလာအတိုင်း စာမေးပွဲကို ကောင်းစွာဖြေနိုင်ရုံမက ဂုဏ်ထူးသုံးဘာသာပင် ရလိုက်သေး၏။

အောင်စာရင်းထွက်ပြီးတော့ သူများတကာတွေ တက္ကသိုလ်တက

ဖို့ လက်နှိပ်စက်သင်ဖို့၊ စစ်ထဲဝင်ဖို့ ပြင်ဆင်ကြသည့်နည်းတူ မေခင သည် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ၊ မိမိ၏ လက်ဝတ်လက်စားတစ ချို့ကို ရောင်းချကာ အပ်ချုပ်စက်ကလေးတစ်လုံး ဝယ်လိုက်လေသည်။

ဟိုအစက စိတ်ကူးအတိုင်းပင် ဦးလေးကိုဟုတ်ရွှေ ထိန်းသိမ်းပေးထားသော ဆိုင်ခန်းကို ပြန်ယူပြီး အပ်ချုပ်ဆိုင် ဖွင့်ခဲ့လေသည်။ အိမလခကြီးသော မူလအိမ်ခန်းကို ပြန်လည်အပ်လိုက်ပြီး၊ ဦးလေးကိုဟုတ်ရွှေတို့အိမ် အောက်ထပ်မှာ တစ်လသုံးဆယ်နှင့် ပြောင်းရွှေ့နေခဲ့ပေသည်။

ဆိုင်ဖွင့်စက စားစရိတ်ပင်မရ၍ လက်ကျန်ရွှေထည်ကလေးတွေကို ဖျောပစ်ခဲ့ရသည်။ ဝါသနာအရ စက်ချုပ်လုပ်ငန်းကို ရွေးချယ်ခဲ့သောလည်း အဆီအငေါ်မတည့်သည့်အခါ၌ မူ များစွာပင်စိတ်ဝမ်းညှိုးငယခဲ့ရပေသည်။

ထိုအခါမျိုးမှာ ဦးလေးကိုဟုတ်ရွှေတို့ လင်မယားက စိတ်မပျက်ရန အားပေးခဲ့သည်။

"နင့်ကိုလေ ငါတို့ မွေးစားချင်တာ မေခင်။ နင်က နင့်မာနနဲ့ နင လုပ်ကိုင်စားသောက်ချင်တယ်ဆိုလို့၊ အေး... ပြီးတော့ ငါကလည်း အဲသလိုမာနမျိုးကို အင်မတန်သဘောကျလွန်းလို့ ဟုတ်တယ်။ ငါလည းသူများဆီက အကူအညီယူရမှာ သိပ်ဝန်လေးတာပဲ။ သူများဆီက အကူအညီယူသလောက် ကိုယ့်ဆီကမာနတွေ၊ လွတ်လပ်မှုတွေ မတန်မဆပေးရတတ်တယ်။ လူတွေက ငွေချေးတဲ့အခါ ငွေတိုးပေးရတာ ပဲမြင်တာ။ မမြင နိုင်တဲ့ လူ့ဂုဏ်သိက္ခာတွေ၊ လူ့လွတ်လပ်မှုတွေပုံးပေါလေအောပေးလိုက်ရတာ ကျောတော့ မသိကြဘူးဟ၊ မခံစားတတ်ကြဘူး။ ကြိုးစားပေါ့ မေမခင်ရာ။ ဦးလေးဆိုရင် ဘဝကို သုညကစပြီး ရုန်းကန်ခဲ့ရတဲ့ကောင်ပဲ။ နင်က ဆယ်တန းအောင်သေးတယ်၊ စက်တစ်လုံး ကိုယ်ပိုင် ထူထောင်နိုင်သေးတယ်။ ကြိုးစားတဲ့လူကို ဘယ်ဘုရားမှ ပစ်မထားတတ်ဘူးဟ"

စကားနည်းသော ဦးလေးကိုဟုတ်ရွှေကတော့ မခင်အတွက် အင်္ကျီစလေးများ၊ လုံချည်စလေးများ မကြာခဏဝယ်လာပေးလေ့ရှိသည်။

“တို့ တူဝရီးနှစ်ယောက် ဆင်တူရောင်ကွဲဝတ်ရအောင် မခင်။ ဘာလဲ ပိုက်ဆံလား။ ညည်းကလေး ပေးချင်ပေမယ့် ကျုပ်က မယူတတ်ဘူးတော့။ ဆိုင်မှာ မရောင်းဘဲ ကပ်ကျန်နေတဲ့အစတွေ၊ နှစ်နဲ့ချီပြီး ကြာလှပြီဟဲ့။ တစ်ကိုက် ဘယ်ဈေးရောင်းခဲ့မှန်း ငါလည်း မမှတ်မိ၊ ကိုဟုတ်ရွှေလည်း မမှတ်မိ”

ကြာတော့ မခင်ကလည်း အကျောက်အကန် မငြင်းဆန်တော့ချေ။ သည်အထည်စတွေမပေးလည်း ဦးလေးကိုဟုတ်ရွှေနှင့် ဒေါ်လေးကိုတော့ ကျေးဇူးရှင်စာရင်းမှာ ထိပ်ဆုံးကသွင်းပြီး၊ အရိုအသေပေး ဆက်ဆံရင်းဆွဲမို့ မခင့်အဖို့ မထူးခြားလှ။

အရာရာကို ပေသီးတွက် တွက်လေ့ရှိသော ဦးလေးကိုဟုတ်ရွှေသည် မခင်နှင့်ပတ်သက်လျှင်တော့ တစ်စုံတစ်ရာပြန်လည်မျှော်လင့်ချက်မထားဘဲ ရက်ရောသူဖြစ်နေ၏။ အဖေနှင့်အမေတို့ ဈာပနကို သူတို့လင်မယားပင် ကမကထပြုပြီး မြေကျသည်အထိ စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။ မခင့် ဘဝရှေ့ရေးအတွက် အရင်းနှီးဆုံး တိုင်ပင်ဖော်တိုင်ပင်ဖက်များလည်းဖြစ်ရာ သူတို့အပေါ်မှာတော့ မခင်က သူစိမ်းတစ်ရံဆံပမာ တောက်တောက်ခါးခါး ပြတ်ပြတ်သားသားကြီး ဆက်ဆံရန် မသင့်ဟု ထင်လေသည်။

သို့သော် မခင်သည် လူ့လောကတွင် မသိနိုးနား စမ်းတဝါးဝါးမို့ ဘဝစည်းကို အလုံအခြုံကာဖို့သာ ပြင်ဆင်ခဲ့၏။ တတ်နိုင်သမျှ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ကာ ကိုယ့်ပြဿနာကို ကိုယ့်ဘာသာဖြေရှင်းခဲ့သည်။ မိဘမဟုတ်သော ဦးလေးကိုဟုတ်ရွှေတို့ လင်မယားအပေါ် မိဘအရင

းအချာသဖွယ် သဘောပိုက်ရမည်မှာလည်း သဘာဝမကျဟု ထင်သည်။ အမိအဘဆိုသည်မှာ အစားထိုး၍ မရစကောင်းဟု ယုံကြည်သည်။

ရိုသေအပ်သော လူကြီးသူမအဖြစ် အရင်းနှီးဆုံး တိုင်ပင်ဖော် တိုင်ပင်ဖက်များအဖြစ် အသိအမှတ်ထားကာ အတတ်နိုင်ဆုံး ဘာသာနေခဲ့သည်။ သာယာဝတီလိုမြို့ကလေးမှာ မတောက်တခေါက် စက်ချုပ်ပညာဖြင့် မေခင် တစ်ဝမ်းတစ်ခါး ဝရုံမျှရှိသည်ကို ဦးလေးကိုဟုတ်ရွှေကတော့ လုံးဝအားမရ။

“အပြင်ကနေပြီး စာမေးပွဲ ဆက်ဖြေနိုင်အောင် လုပ်စမ်းပါဟ၊ ကောင်မလေးရ၊ စာတွေတတ်ထားပြီး တစ်သက်လုံး စက်ချုပ်စားနေလို့ဖြစ်မလား”

“အမယ်လေး၊ စာတွေတတ်ထားတယ်လို့ မပြောပါနဲ့ဦးလေးရာ။ ဆယ်တန်းလောက်တော့ အောင်တဲ့လူတွေ အများကြီးပါ။ မေခင်အဖို့က ကျောင်းစာနဲ့ မနီးစပ်နိုင်တော့ပါဘူး”

ပြောရင်း ဆိုရင်း တကယ်ပင် ဝမ်းနည်းလာလေသည်။

တစ်နေ့လုံး စက်ပေါ်မှာ တကုပ်ကုပ်ထိုင်ချုပ်ခဲ့ပြီး ညဘက် အိမ်ပြန်ရောက်တော့လည်း ဆယ်နာရီ ဆယ့်တစ်နာရီအထိ ကော်ကပ်ခြင်း၊ ကြယ်သီးတံတပ်ခြင်းတို့ကို နောက်ကျောတက်အောင်လုပ်ရသေးသည်။ ကာတွန်းစာအုပ်ကလေး၊ ဝတ္ထုစာအုပ်ကလေးသော်မှ အပျင်းပြေကောက် မကိုင်အား။ သည်တော့ ဘယ်မှာလဲ စာကြည့်ချိန်။

ဦးလေးကိုဟုတ်ရွှေပြောသလို တစ်သက်လုံးပဲ စက်ချုပ်စားရတော့မှာ ထင်ပါရဲ့ဟု ပိန်းပိတ်နေသော အနာဂတ်ကို အားလျော့အားငယ် မှန်းဆမိသည်။

“အစိုးရအလုပ်တစ်ခုခု လျှောက်ဖို့ကောင်းတယ်ဟ၊ ရုံးစာ

ရးဆိုရင် လစာဂင်ေ ငွနည်းေ ပမယ့် အချိန်အားရတယ်။ ရုံးချိန်ကလွဲရင် ကိုယ်ပိုင်ပဲ။ အဲသလိုဆိုရင် နင်စာပြန်ကျက်နိုင်မှာေ ပါ့။ ဘွဲ့တစ်ခုခုရပြီးရင် နင့်ဘာသာနင် စက်ပဲပြန်ချုပ်ချုပ် ဘာလုပ်လုပ် တင့်တယ်ပြီ”

“ဟင်… ခု ေ မခင်ဘွဲ့မရေ သးဘဲ စက်ချုပ်ေ နတာကျေတာ့ မတင့်တယ်ဘူးတဲ့လား”

“ဟဲ့… မေခင်ရဲ့၊ ကိုယ့်ဘဝအတွက် ကိုယ့်ဘာသာ ေ ကျာင်းေ နတဲ့ မိန်းကေ လးဆိုတာ ကိုယ့်ဘက်က အတတ်နိုင်ဆုံး ပြည့်စုံေ အာင် ပြင်ဆင်ထားရတယ်တဲ့။ လူ့ဘဝမှာ ဒုက္ခဆိုတာ မေ ကြညာဘဲ ဖြုန်းခနဲ ေ ရာက လာတတ်တာမျိုး။ နင်လည်း ကြုံဖူးသားပဲ၊ ပြီးေ တာ့ နင့်ဘဝမှာ ထမင်းမှန မှန်စားသွားရရုံနဲ့ ေ ကျနပ်ေ တာ့မှာလား။ ငါက ဒီလိုပြောတော့ ဦးလေးကျေတာ့ေ ကာလို့ နင်က ပြန်လက်ညှိုးထိုးချင်လိမ့်ဦးမယ်။ တို့ဘဝက သူညက စခဲ့ရတာ လို့ ပြောခဲ့ပြီကောမေခင်။ အသက်ေ တွလည်းကြီးပြီ၊ ဒါေ လာက် အေ ခြတကျေနရရင် ေ တာ်သင့်ပြီ။ ေ ခွး ပုဆိုးမရှိတာ အားမကျနဲ့ဟဲ့၊ နင်က အညွှန့်တလူလူနဲ့ တက်လူ”

မေခင် စဉ်းစားမိသွားေ လသည်။ ရုန်းရင်း၊ ကန်ရင်း၊ လဲရင်း၊ ထရင်း ေ ကျာ်ဖြတ်ခဲ့ရေ သာ ဘဝအေတွ့အကြုံ၏ သင်ကြားချက်များေ ကြာင့် ဦးေ လး ကိုဟုတ်ေ ရွှ၏ ယူဆချက်များကို ငြင်းဆန်ဖို့ ခက်လှသည်။

“ဒါပေမယ့် အစိုးရအလုပ်ရဖို့ကလည်း မလွယ်ပါဘူး ဦးေ လးရယ။ အကူစာေ ရးလောက်ရရင်ေ တာင် ကံေ ကာင်းလှပြီ”

“စုံစုံစမ်းစမ်းေ မးမေးမြန်းမြန်းေ တာ့ လုပ်ရမှာေ ပါ့ဟာ”

ဟု စဉ်းစဉ်းစားစားေ ဖြရင်း ေ မခင့်ကို အားေ ပးသည်။

သို့သော် တကယ့်တကယ်ကျေ တာ့လည်း ေ မခင့်ေ နာက်မှ ဆယ်တန်းေ အာင်လာသူေ တွသာလျှင် တစ်ေ ယာက်ပြီးတစ်ေ ယာက်

အလုပ်ဝင်သွားကြသည်ကို စုံစမ်းရင်း၊ မေးမြန်းရင်း သိရကြားရကာ အားလျော့အားငယ် ဖြစ်ရလေသည်။ အဖေဖွဲ့ရုံးမှာ၊ ဦးလေးဌာနမှာ၊ အဒေါ်မူလတန်းကျောင်းမှာ ရုံးအကူ၊ ဆွဲခနံ့ကျောင်းဆရာ စသည်ဖြင့် နီးစပ်ရာ ဝင်ရောက မှီတွယ်ရင်း အတည်တကျဖြစ်သွားသူတွေ တစ်ယောက်ပြီးတစ်ယောက်။ မေမေခင်ကတော့ စက်ချုပ်မြဲ၊ နောက်ကျောတက်အောင်ကော်ကပ်၊ ကြယ်သီးတံ တပ်မြဲ။

"တော်ပြီတော်ပြီ၊ ရှပ်အကျီကို အားမှ ချုပ်တော့ ညီမ၊ နောက်အေးအေးမှလာယူတော့မယ်"

နောက်ဆုံးချုပ်သည့် ခေါင်းအုံးစွပ်မှ အပ်ချည်စကို ကပ်ကြေးဖြင့် ဖြတ်ရင်း မျက်လွှာပင့်ကြည့်မိသည်။ ဘယ်တုန်းက ဆိုင်ရှေ့ပြန်ရောက်လာသည်မသိ။

"ရှပ်အကျီ သိပ်မကြာပါဘူး။ တစ်ခါတည်း စောင့်ယူချင ယူသွားပါ။ ကုပ်ပိုးကလေး ပြန်ဖိပေးရုံလောက်ပဲ"

ထားလိုက်ပါဗျာ၊ တစ်ထိုင်တည်းချုပ်လိုက်ရတာ တွေ မနည်းတော့ဘူး။ အားတောင်နာတယ်။ ရန်ကုန်မှာဆိုရင် အမြန်ကြေးတွေပေးရတာ
"

သူက အကျီအိတ်ကပ်ထဲသို့ လက်လျှို၍ စမ်းနေလေသည်။

"အားလုံးအတွက် နှစ်ကျပ်ကျပါတယ်။ ရှပ်အကျီအတွက်တော့ မယူပါဘူး"

"ဟာ မဟုတ်တာ ညီမရယ်၊ ယူပါ"

ညီမဟုခေါ်သံသည် မေခင်ကို မသိမသာ တုန်ခါစေ၏။ မသိစိတနှင့်သိစိတ် နှစ်ခုစပ်ကြားမှ မသိတစ်ဝက်၊ သိတစ်ဝက် ဝေဒနာ။ သိစိတ

က ဘဂစည်းကို ရုတ်ချည်းသတိရလိုက်သည်။

“အကျီချုပ်ရိုးပြတ်အတွက် ချုပ်ခဘယ်လောက်ယူရမယ်ဆိုတာ စျေးနှုန်းမကန့်သတ်ရသေးလို့ပါရှင်”

ဟာဗျာဟု ရယ်သံတစ်ဝက်နှင့် အားနာပါးနာဆိုရင်း ချုပ်ပြီးအထည်များကို လှမ်းယူသည်။

“ကူညီရာမကျဘဲ အခွင့်အရေးယူရာကျနေပြီလား မသိဘူး”

“ရပါတယ်၊ အပန်းမကြီးပါဘူး”

ဟု ဖြေရင်း စက်ခုံမှထလိုက်သည်။

စကားဖြတ်သည့်သဘော၊ သူက ခေတ္တကြောင်ရပ်နေသေးကာပြီးမှ ကျေးဇူးပဲ၊ သွားမယ်နော်ဟု နှုတ်ဆက်ထွက်သွားလေသည်။ ချက်ချင်းဆိုသလိုပင် ဦးလေးကိုဟုတ်ရွှေမခင့်ဆိုင်ဘက် ကူးလာကာ -

“နင် အစိုးရအလုပ်တစ်ခုခု လုပ်ချင်နေတဲ့အကြောင်း ငါလေသံပစ်လိုက်တယ် သိလား။ ဆယ်တန်းအောင်ပြီးသားမို့လို့ နီးစပ်ပါတယ်တဲ့၊ လူမှုရေးအရလည်း ကူညီသင့်ပါတယ်တဲ့၊ စိတ်ဝင်တစားပဲ နားထောင်နေတာ၊ နင် လှမ်းမရိပ်မိဘူးလား”

“ဟင့်အင်း၊ ဦးလေး အဲသလိုတွေပြောနေတာ မခင်ရိပ်မိရင်လည်း ဟောဒီရှပ်အကျီစုတ်တောင် လက်ခံထားလိုက်မိမှာမဟုတ်ဘူး။ ခုတော့ မျှော်လင့်ချက်နဲ့ ကူညီရသလို ဖြစ်သွားပြီ”

ရှပ်အကျီကို စက်ခုံပေါ်ပစ်ပေါက်ချရင်း စူစူဆောင့်ဆောင့်ကလေးပြောလိုက်သော မခင့်ကို ဦးလေးကုဟုတ်ရွှေက တဟားဟားရယ်ကာ မခင်... မခင်ဟု ညည်းနေလသည်။